CENTRAL COMMITTEE
KACHIN INDEPENDENCE ORGANIZATION

# အင်အားအလွန်ပြင်း မြေငလျင်လှုပ်ခတ်ခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်
## (၁ /၂၀၂၅)

၁။ ၂၀၂၅ ခုနှစ် မတ်လ (၂၈) ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် အချိန်ခန့်တွင် မန္တလေးမြို့၏ အရှေ့မြောက် ၂၀ ကီလိုမီတာခန့်အကွာတွင် ဗဟိုပြုလျက် Richter Scale (7.7) အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင် လှုပ်ခဲ့ကာ အင်အားပြင်း မြေငလျင်များ ဆင့်ကဲထပ်မံလှုပ်ရှားသွားခဲ့ကြောင်း ကြားသိရသဖြင့် များစွာစိုးရိမ်တုန်လှုပ်ရပါသည်။

၂။ ယင်းအင်အားအလွန်ပြင်းမြေငလျင်ကြောင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ မြို့၊ရွာများတွင် လူ့အသက်များစွာ သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒါဏ်ရာရခြင်း၊ လူနေအိမ်များ၊ အဆောက်အဦးများ ပြိုပျက်ပျက်စီးခြင်း၊ လမ်းတံတားများ ပြိုကျခြင်းနှင့် လူနေမှုဘဝများစွာ ပျက်စီးဆုံးရှုံးခြင်းဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသဖြင့် KIO နှင့် ကချင်လူထုတရပ်လုံးကလည်း သဘာဝဘေးဒဏ်ကြုံတွေ့နေရသူများနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၃။ KIO တပ်ဖွဲ့ဝင်များအနေဖြင့် မြေငလျင်ဘေးဒါဏ်သင့်ဒေသများသို့ သွားရောက်အကူအညီပေးရန် အခက်အခဲရှိနေသော်လည်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေ့ညမပြတ် အားကျိုးမာန်တက် ဆောင်ရွက်နေကြသော အသင်းအဖွဲ့များကိုလည်းကောင်း၊ လူပုဂ္ဂိုလ် တဦးချင်းစီကိုလည်းကောင်း၊ နိုင်ငံတကာမှ လာရောက်ကူညီသည့် အဖွဲ့အစည်းများကိုလည်း အထူးလေးစား ကျေးဇူးတင်ရှိကြောင်းနှင့် ဂုဏ်ပြုပါကြောင်း မှတ်တမ်းတင်ဖော်ပြလိုပါသည်။

၄။ မြေငလျင်ဘေးဒါဏ်ခံစားရသော ဒေသများမှ ပြည်သူများ၊ ကျန်ရစ်သူမိသားစုဆွေမျိုးသားချင်းများအပေါ် တနိုင်ငံလုံးရှိမိဘပြည်သူများနှင့်ထပ်တူ အထူးဝမ်းနည်းရပါသည်။မြို့၊ရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် လူသားချင်းစာနာထောက်ထားသောအကူအညီများကို KIO နှင့် ကချင်လူထုတရပ်လုံးက တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုကော်မတီ
KIO

၂၀၂၅ ခုနှစ်၊ မတ်လ (၃၀) ရက်။